

# ဝိဇ္ဇာမယိဒ္ဓိ

## အထက်ပုဂ္ဂိုလ်များပူဇော်နည်း


ရှစ်သောင်းကျော်ဝိဇ္ဇာ မ ပါလိမ့်
စိတ်သာချ လုံးဝဥဿုံ

# ဝိဇ္ဇာ မဟိဒ္ဓိကျမ်း

## အထက်ပုဂ္ဂိုလ်များ

## ပူဇော် စာတမ်း၊

## ပရိကံ ကျင့်စဉ် အကျဉ်း

**နှင့်**

## ဂါထာ၊ မန္တာန်၊ မန္တရားများ

ဝိဇ္ဇာ သားသမီးများ အတွက်

အောင်ဝေဇ ပူဇော်တော်မူသည်။

ရက်ကန်းစင်တောင်ဆရာတော်
ဘိုးတော်အောင်မင်းခေါင်
ဘိုးဘိုးအောင်
မတစ်လုံးကျောဆရာတော်
မန်လည်ဆရာတော်
လယ်တီဆရာတော်
ရသေ့ကြီးဦးခန္တီ
မင်းကျောင်းဆရာတော်
တောင်ဗိလာဆရာတော်
မင်းကွန်းဆရာတော်
ကျော်အောင်စံထားဆရာတော်
ပိုင်းလော့ဆရာတော်
တို့ နှင့်
ကမ္ဘာပေါ်တွင် ရှိရှိသမျှသော
သူတော်ကောင်း သူမြတ်လောင်းတို့အား
ဦးထိပ်ထားလျက်-

# ဘုရားဒါယိကာမကြီး ဒေါ်မြလေး
# သတ်တော် ၁၀၀ ပြည့် အမှတ်တရ

သို့

........................................................

........................................................

........................................................

မှ

........................................................

........................................................

........................................................

- အဋ္ဌမဂ်ဂ္ဂါနိ တိပိဋကဏ္ဍာယံ သတ္တ ဗောဇ္ဈင်္ဂါနိ သုညံ နိဗ္ဗာန မေ ဘာဝိဿတိ။

- မဂ္ဂင် ရှစ်ပါး၊ ဗောဇ္ဈင် ခုနစ်ပါး ပိဋကတ်သုံးပုံ၊ မြတ်စွာဘုရား၏ ကျေးဇူးတော်ဂုဏ်တို့ကြောင့် – ဤပညာကိုယူလျှင် ခန္ဓာကိုယ် တို့ရည်လျက် လောကီ အကျိုးစီးပွားများ ထူးခြားပါမည်။
ဆရာတော်ကြီးများမှ ချီးမြှင့်တော်မူခဲ့သည့် နည်းနာ နိဿယများအား ဝိဇ္ဇာသားသမီးများသို့ ထပ်ဆင့် ပြန်လည် ဖြန့်ဝေလျက် – – – ။

"ရတနာမြတ်သုံးပါးတို့အား ဦးထိပ်ထားလျက်"

မြန်မာစာသင်ပေးသော ဦးဉာဏောဘာသ၊ လက်ာရာမကျောင်းတိုက်ဆရာတော်။ လောကီပညာသင်ပေးသော ဆရာဦးအောင်သန်း။ ပုံနှိပ်ပညာသင်ကြားပေးသော စာအုပ်ချုပ်ဆရာဦးဘစိန်။ စာစီပညာသင်ပေးသော ဦးဘကျွဲ (ပညာရောင်)။ ဆရာဦးစိန်၊ ဆရာဦးဘမောင်၊ ဆရာ လူထုဖိုမင်ဦးချစ်တင်၊ ၃၃-နှစ်တာ ပုံနှိပ်ပညာလုပ်ပိုင်ခွင့်ပြုခဲ့သည့် လူထုဦးလှ၊ လူထုဒေါ်အမာ၊ အာစရိယဂိုဏ်းဝင် ဆရာသခင်တို့နှင့် မိခင်ကြီး ဒေါ်မြလေး၊ သက်တော် (၁၀၀)ပြည့်နှစ်၊ ဖခင် ဦးစိန်ထွန်း တို့အား အနန္တဂိုဏ်းဝင် ဦးထိပ်တင်လျက် ကျွေးမွေးမပျက်၊ ဆေးဝါးဖက်လျက်၊ ကြေးငွေမကျန် စောင့်ရှောက်ကြပါသော သားသမီးများ ဖြစ်ကြသည့် ကိုထွန်းထွန်းဦး+မစန္ဒာစိုး၊ မောင်မင်းနိုင်မျိုး၊ မမီမီလွင်၊ မောင်ကျော်စိုးနိုင်၊ မရီလွင်ထွန်း တို့အား အထူးကျေးဇူးတင်လျက် လုပ်ငန်းလုပ်ရပ်တွင် နှစ်မြိုက်သည် ဖြစ်စေ၊ မနှစ်မြိုက်သည်ဖြစ်စေ ကျွန်တော်၏ ဖွတ်တရွတ် လုပ်တတ်သော ဇီဇလေးအား အစဉ်သည်းခံခွင့်လွှတ်ရှာသော ချစ်ဇနီး ဒေါ်တင်တင်ကြည် အား မိုင်ပေါင်းများစွာ ကျေးဇူး ကုဋေကုဋာဖြင့် -

သာသနာပြုဖက်များဖြစ်ကြသော ကမ္ဘောဇဦးအောင်သန်း၊ မင်းမဟော်ဦးတင့်ဆွေ၊ မီးသွေးဦးအောင်မြင့်၊ စိမ်းမြယဉ်ဦးကိုလေး၊ ဦးလှမင်းသိန်း(တရားရုံးချုပ်ရှေ့နေ)၊ မိုး-ဦးမောင်မောင်မြင့် နှင့် ဒေါ်မြင့်မြင့်သန်း တို့အားလည်းကောင်း၊ ပါရမီကူညီခဲ့ကြသော အမေစိန်၊ ဒေါ်ဒေါ်အုန်း၊ ဦးတင်စန်း၊ ဒေါ်ထွေးယဉ်၊ သမီးလေး-မေမြတ်သူ၊ ဆင်ခြောက်ကောင် ဦးဟန်သိန်း+ဒေါ်တင်တင်အုန်း နှင့် အလှူ့ရှင်အပေါင်းတို့အားလည်းကောင်း၊ သာသနာ့တာဝန်ကို လက်တွဲပါဝင်ခဲ့ကြသော မယ်တော်ကြီးဒေါ်လှသိန်း၊ ဒေါ်နွယ်နီ၊ ဒေါ်ဝင်းမေ၊ ဒေါ်စိန်ရ၊ ဒေါ်ညို၊ မတင်တင်လှ၊ မတင်တင်ငြိမ်း နှင့် အဖွဲ့သားများအားလည်းကောင်း၊ ပန်းချီကဏ္ဍတွင် ကူညီခဲ့သော ပန်းချီဆရာဦးလှဒွေး မိသားစုအားလည်းကောင်း၊ ပြောမနာ ဆိုမနာ လုပ်ပေးရှာသော ပန်းရံဆရာ ကိုမျိုးချစ် အားလည်းကောင်း ၊ ဒုလ္လဘရဟန်းခံပွဲများတွင် စွမ်းစွမ်းတမံ ကြိုးစားရှာသော ကိုပိုက်ရ နှင့် အဖွဲ့အား လည်းကောင်း ၊ ကျေးဇူးကမ္ဘာ မြောက်များစွာဖြင့် -

အောင်တေဇ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပထမ ရွှတ်တိုင်း။ | ၁ |
| ၂။ | ဒုတိယ ရွှတ်တိုင်း။ | ၂ |
| ၃။ | တတိယ ရွှတ်တိုင်း။ | ၂ |
| ၄။ | စတုတ္ထ ရွှတ်တိုင်း။ | ၃ |
| ၅။ | ပရိတ် ကျင့်စဉ်။ | ၄ |
| ၆။ | သီလဆောက်တည်ပါ။ | ၄ |
| ၇။ | မေတ္တာပို့ အမျှဝေ။ | ၅ |
| ၈။ | ခန္ဓာကိုယ်ကို ဘုရားရှင်အား လှူဒါန်းပါ။ | ၆ |
| ၉။ | သင်ပုန်းချေပါ။ | ၆ |
| ၁၀။ | ဆုတောင်းပါ။ | ၇ |
| ၁၁။ | ကမ္မဋ္ဌာန်းတောင်းပါ။ | ၇ |
| ၁၂။ | သမ္မာအဓိဋ္ဌာန်ပြုပါ။ | ၈ |
| ၁၃။ | ဖြစ်စွတ် မေတ္တာပို့ရန် | ၉ |
| ၁၄။ | ဘုရားပင့် | ၁၁ |
| ၁၅။ | မေတ္တာခံယူရန် ပင့် အနတ် | ၁၅ |
| ၁၆။ | ပုဂ္ဂိုလ်သုံးဦး မေတ္တာပွားရန် | ၂၁ |
| ၁၇။ | ဆရာကန်တော့ခန်း | ၂၁ |
| ၁၈။ | အမျှဝေခြင်း | ၂၆ |
| ၁၉။ | ရှင်သီဝလိ ဂါထာ | ၂၇ |
| ၂၀။ | စိန္တာမဏိ ဂါထာ | ၃၀ |
| ၂၁။ | သိရသ္မိ ဂါထာ | ၃၁ |
| ၂၂။ | ကုန်စွံသော ဂါထာ | ၃၂ |
| ၂၃။ | စာမေးပွဲအောင် ဂါထာ | ၃၂ |
| ၂၄။ | စ.မ.ဗ.ဝ ဂါထာ | ၃၃ |
| ၂၅။ | ရန်နှင် ဂါထာ | ၃၃ |
| ၂၆။ | လာဘသိဒ္ဓိ ဂါထာ | ၃၄ |
| ၂၇။ | စက်ကြီးတစ်ဆယ့်သုံးပါး အန္တရာယ်ကင်း ဂါထာ | ၃၄ |
| ၂၈။ | လေကြောင်းခရီး အန္တရာယ်ကင်း ဂါထာ | ၃၇ |
| ၂၉။ | ကုန်လမ်းခရီး အန္တရာယ်ကင်း ဂါထာ | ၃၇ |
| ၃၀။ | အမြတ်ဆုံးရတနာ | ၃၈ |
| ၃၁။ | ဘုရားဂုဏ်တော် ပုတီးစိပ် | ၃၈ |
| ၃၂။ | နေမင်း ဂါထာတော် | ၃၉ |
| ၃၃။ | လမင်း ဂါထာတော် | ၃၉ |
| ၃၄။ | ထီစွတိုင်းအောင် ကြံတိုင်းအောင် ဂါထာ | ၄၀ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၅။ | ရွှတွန်းစင်တောင်ဆရာတော် ပုတီးစိပ်နည်း | ၄၀ |
| ၃၆။ | ဂုဏ်တော်ပွားနည်း | ၄၀ |
| ၃၇။ | စေတီတည်ခြင်း | ၄၃ |
| ၃၈။ | ဌာပနာသွင်းခြင်း | ၄၅ |
| ၃၉။ | ဗောဓိပင်နှင့်ရွှေပလ္လင် | ၄၆ |
| ၄၀။ | အနိမိသ | ၄၆ |
| ၄၁။ | ရတနာစင်္ကြံ | ၄၇ |
| ၄၂။ | ရတနာဃရရွှေစံအိမ် | ၄၈ |
| ၄၃။ | အဇပါလညောင်ပင် | ၄၉ |
| ၄၄။ | မုစလိန္ဒာနဂါးမင်း | ၅၀ |
| ၄၅။ | လင်းလွန်းပင် | ၅၀ |
| ၄၆။ | မဟာမုနိဘုရားရှိခိုး | ၅၄ |
| ၄၇။ | မဟာမုနိဂါထာတော် | ၅၄ |
| ၄၈။ | အောင်တော်မူဂါထာ | ၅၅ |
| ၄၉။ | အရဟံဇယံဂါထာ | ၅၅ |
| ၅၀။ | ပဌမံဂါထာတော် | ၅၅ |
| ၅၁။ | သုဝတော ဂါထာတော် | ၅၅ |
| ၅၂။ | ရသေ့ကြီး ဦးခန့် ၏ မေတ္တာဆေး | ၅၆ |
| ၅၃။ | ဒွတ္တဘောင်မင်းကြီးဂါထာ | ၅၇ |
| ၅၄။ | ဓမ္မစေတီပုတီးစိပ် | ၅၈ |
| ၅၅။ | အေးမြမေတ္တာ | ၆၁ |
| ၅၆။ | ကျေးဇူးတင်လွှာ | ၆၄ |
| ၅၇။ | အမျှဝေဆုတောင်း | ၆၅ |
| ၅၉။ | ဇေတဝန်ကျောင်း ဂန္ဓာကုဋိ ၌ ဘုရားရှိခိုး ဂါထာ | ၆၆ |
| ၆၀။ | ဗုဒ္ဓ (၇)ရက်စံတော်မူသော နေ့များ | ၆၇ |
| ၆၁။ | အထိတ္တိရသေ့ဆုတောင်း | ၆၈ |
| ၆၂။ | သူရဿတီ ဂါထာ | ၆၉ |
| ၆၃။ | အပြုဟူသမျှမန်းရန်ဂါထာ | ၆၉ |
| ၆၄။ | ဗုဒ္ဓါနံ ဂါထာ | ၆၉ |
| ၆၅။ | ခြင်္သေ့မင်း ဂါထာ | ၇၀ |
| ၆၆။ | သုဝဏ္ဏ ဂါထာ | ၇၀ |
| ၆၇။ | ယာဝဇီဝံ ဂါထာ | ၇၀ |
| ၆၈။ | အတီတံ ဗုဒ္ဓ ဓမ္မ သံဃ ဂါထာ | ၇၁ |
| ၆၉။ | ပစ္စေကဗုဒ္ဓါ ဗုဒ္ဓ ဓမ္မ သံဃ ဂုဏ်တော် ဂါထာ | ၇၂ |
| ၇၀။ | သဗ္ဗဇယမင်္ဂလာဂါထာ | ၇၃ |



## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ပထမရွှေတံတိုင်း

တထာဂတာ၊ ဇိနော့ဘဂဝါ၊ သမ္မာသမ္ဗုဒ္ဓ၊ အနုတ္တရ မဟောသီ၊ အစချီ၍၊ ပထဝီလွှာပေ၊ မင်ရေသမုဒ်၊ မြင့်မိုရ် စုတ်နှင့်၊ နတ်ယုဂ်သချာ၊ ကမ္ဘာမြားမြောက်၊ သောင်း ခြောက်ထောင်စဉ်၊ ကုန်အောင်မဆိတ်၊ အကနိဋ္ဌက၊ မဟိဒ္ဓိကာ၊ ဗြဟ္မာမိုးနတ်၊ လက်သဟာသ်ဖြင့်၊ ရေးမှတ်ပစေ၊ အသချေ်ယျ၊ နာမံတံဆိပ်၊ ခတ်နှိပ်မဆုံး၊ ဘွဲ့ရွှေဘုန်းနှင့်၊ ခေတ်သုံးအနန္တ၊ စံမရသော၊ လောကပရမေ၊ အစိန္တေတို့၏၊ ရွှေတေဇာရှိန်၊ ဝရဇိန်လက်နက်၊ ဘုန်းတော်စက်တို့သည်၊ စစ်မက်နိုးသူ၊ မပြုမပေါ်၊ ပြည်တော်အောင်ချာ၊ လေးမျက်နှာ၌၊ မဟာသုခ၊ သာချမ်းမြလျက်၊ ဘဝသနင်း၊ တရားမင်း နှင့်၊ ခပင်းသတ္တဝါ၊ တို့သူငါအား၊ ချမ်းသာမျက်မှောက်၊ ရောက်ပါစေကြောင်း၊ မကောင်းဝိပရိတ်၊ ကိလိဋ္ဌအန္တရာယ်၊ မချယ်စေရ၊ မြူမကျအောင်၊ ပထမရံသိုင်း၊ ရွှေတံတိုင်း ကဲ့သို့၊ ပတ်ဝိုင်းကာစေကုန်သတည်း။

## ဒုတိယရွှေတံတိုင်း

ယထာနုသိဋ္ဌ်၊ ဗျာဒိပ်ပြဒါ၊ ရွှေအာဏာတိုင်း၊ ညွှတ်ကိုင်းကေန်၊ မသွေလှန်ဘဲ၊ မပြန်မဖောက်၊ ကျင့်နိုင်မြောက်က၊ ထုတ်ချောက်လှူနတ်၊ သဗ္ဗမင်္ဂလာ၊ သမ္မာသမ္ဗောဓိ၊ အကျိုးရှိအောင်၊ အဝိပရိတ၊ သဘာဝဖြင့်၊ မှုချနိယတ်၊ ပို့ဆောင်တတ်သော၊ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးဖြာ၊ အင်္ဂါကိုးတန်၊ မမှကွန်ရှစ်သောင်းလေးထောင်မက၊ ပရိယတ်မမှုနှင့်တကွ၊ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်မမှဓာတ်၊ တရားမြတ်တို့၏၊ ပရမတ္ထ၊ ဝိဝေသဂုဏ်ထူး၊ ကျေးဇူးဂုဏ်တက်၊ ရွှေဘုန်းစက်တို့သည်၊ အောက်ထက်ဖိလာ၊ ဆယ်ဒိသာမှ၊ ရောက်လာကြတတ်၊ ဘေးဥပါဒ်တို့ကို၊ အမြုတ်ဖာဟီ၊ နှစ်လိဌာန၊ မသိရအောင်၊ ဒုတိယရံသိုင်း၊ ရွှေတံတိုင်းကဲ့သို့၊ ပတ်ဝိုင်းကာစေကုန်သတည်း။

## တတိယရွှေတံတိုင်း

မမှာနုလုံ၊ မရှုံပဋိပတ်၊ သိက္ခတ္တယ၊ မြတ်ကိစ္စနှင့်၊ ကလျာဏစာရီ၊ လဇ္ဇီနှင်နှင်၊ သာကီဝင်မင်းမြတ်သာ ဖြစ်ကုန်သော၊ ဘုရားသားတော်၊ အကျော်သီလဝန်၊ ထေရ်မြွန်

သမ္ဗုတ္တိ၊ အရှင်မြတ်နှင့်တကွ၊ သုပ္ပဋိပန်၊ ဂုဏ်ကိုးတန်နှင့်၊ နိဗ္ဗာန်လက်ရှိ၊ သိဒ္ဓိကဲလွန်၊ ထေရ်မွန်ဝိသေသ၊ ပရမတ္ထဂိုဏ်း၊ ရှစ်ဆိုင်းအရိယာ၊ မြတ်သံဃာတို့၏၊ ဝိဇ္ဇာဘိဉာဏ်၊ ဈာန်ဝိမောက္ခ၊ ကျေးဇူးစသော၊ ကြီးလှဂုဏ်သိမ်၊ တန်ခိုးရှိန်တို့သည်၊ အချိန်မစောင့်၊ မှောင့်ရောင့်ချောက်ချားတတ်သော၊ ဥပဃာတက, ဥပပီဠက, ကမ္မနိဋ္ဌ၊ မကောင်းဟိတ်နှင့်၊ စိတ်ဥတု၏၊ အာဟာရသမုဋ္ဌာန်၊ ဝေဒနာဘေးရန်တို့ကို၊ တွန်းလှန်ပယ်ရှား၊ ထိမနားရအောင်၊ ဆယ်ပါးရပ်မှ၊ ဘုန်းရောင်ပြ၍ တတိယရံသိုင်း၊ ရွှေတံတိုင်းကဲ့သို့၊ ပတ်ဝိုင်း ကာစေ ကုန်သတည်း။

## စတုတ္ထရွှေတံတိုင်း

ကျွန်ုပ်တို့ယခု၊ ဂရုဂါရဝ၊ သက္ကစ္စဖြင့်၊ သီလ သရဏဂုံ၊ ကိုယ်လုံးထုံလျက်၊ နှုတ်ငုံမဆိတ်၊ စီးဖြန်းစိပ် အပ်သော၊ ပရိတ်မေတ္တာ၊ ဘာဝနာထိုထို၊ ကုသိုလ်ပုည၊ ဒါနဂုဏ်တော်၊ အာနုဘော်တို့နှင့်တကွ၊ သမ္မာဒေဝ၊ လောက ပါလာ၊ ဣန္ဒာသုယာမ်၊ သဟမ္ပတိ၊ အစရှိသော၊ မဟိဒ္ဓိကာ၊ နတ်ဗြဟ္မာတို့၏၊ တေဇာဣဒ္ဓိပါဒ်၊ တန်ခိုးမြတ်တို့သည်၊ လူနတ်မိစ္ဆာ၊ မသမာတို့၊ ယတြာပယောဂ၊ အာထဗ္ဗဏ၊ အစီအရင်၊ မကောင်းထင်အပ်သောအမှုတို့နှင့်၊ ကောတုရဝိ၊

ဘုမ္မိနမန္တာ၊ ဗီလာသချိုင်း၊ သက်ပိုင်းအာယု၊ မိတ္တုဥပဒ်၊ စန်းပြတ်လွန်းပြတ်၊ တြင်းပြတ်နဝင်းပြတ်၊ သမသတ်မျိုး၊ တိုင်ကျိုးဆည်ပေါက်၊ တန်းအောက်ကျနိစ်၊ အဆိပ်အသေ၊ ကြက်ခြေတြိယင်္ဂမ၊ ကဏ္ဍသုံးခွင်၊ ထွက်ဝင်မကောင်း၊ သံဒေါင်းနှိပ်စက်၊ စီးနင်းပျက်သော၊ ပါပဂ္ဂဟာ၊ ဓာတာ ညှိုးပုပ်၊ ဆိုးယုတ်သမျှ၊ အဝမင်္ဂလာ၊ ငှက်သံဝိပရိတ်၊ ဒုန္နိမိတ် တို့ကို၊ အနိဋ္ဌဖလ၊ မဖြစ်ရအောင်၊ စတုဿရံသိုင်း၊ ရွှေတံတိုင်းကဲ့သို့၊ ပတ်ဝိုင်းကာစေ ကုန်သတည်း။

## ပရိတ်ကျင့်စဉ် (အကျဉ်း)

### တရားအားမထုတ်မီ ပရိတ်ပြုနည်း

(ပရိတ် = တရားအားမထုတ်မီ ကြိုတင်ပြင်ဆင် ပြုလုပ်ရန် ကိစ္စရပ်များ။

၁။ သီလခံယူဆောက်တည်ပါ။

လူပုဂ္ဂိုလ်ဖြစ်လျှင် (ပဉ္စသီလ၊ အဋ္ဌင်္ဂသီလ၊ နဝင်္ဂသီလ စသည်

ရဟန်းပုဂ္ဂိုလ်ဖြစ်လျှင် (သီလစင်ကြယ်စေရန် ဒေသနာ ကြားပါ။)

## ၂။ မေတ္တာပို့ အမျှပေးဝေပါ။

(မိမိတတ်သိနားလည်သလို ဆိုပါ၊ ဥပမာ-အကျဉ်းအားဖြင့်)

"၃၁-ဘုံ ကျင်လည်ကြကုန်သော ဝေနေယျသတ္တဝါအားလုံးတို့အား အကျွန်ုပ်ပြုလုပ်ခဲ့သမျှသော ဒါန၊ သီလ၊ ဘာဝနာကုသိုလ် အဖို့တို့ကို (အမျှ-အမျှ-အမျှ ပေးဝေပါ၏)[၃] အကျွန်ုပ်အမျှပေးဝေခြင်းကို မကြားမရှိကြပါစေနှင့်၊ မမြင်မရှိကြပါစေနှင့်၊ မသိမရှိကြပါစေနှင့်၊ မရမရှိကြပါစေနှင့်"

"အမျှရကြသည်ဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဝမ်းသာကြပါစေ၊ တိုးတက်ကြပါစေ၊ လောကီ, လောကုတ္တရာ နှစ်ဖြာသောအကျိုးကျေးဇူးများ ပြည့်ဝဖြိုး၍ စိတ်သွားတိုင်းကိုယ်ပါ လိုရာခရီးပြီးမြောက် အောင်မြင်ကြပါစေ၊ သူတော်ကောင်းတရားများအားထုတ်နိုင်သည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာတရားများ ရောက်နိုင် ရနိုင်သည် ဖြစ်ကြပါစေ"

"သူတော်ကောင်း၊ သူမြတ်လောင်းတို့က ပို့သသောမေတ္တာ၊ ပေးဝေသော ကုသိုလ်အဖို့တို့ကို အကျွန်ုပ်အနေဖြင့် ခံယူပါ၏။ (သာဓု၊ သာဓု၊ သာဓု)[၃]

## ၃။ ခန္ဓာကိုယ်ကို ဘုရားရှင်အား လှူဒါန်းပါ။

(တပည့်တော်/တပည့်တော်မ)၏ ခန္ဓာငါးပါး၊ ရုပ်နာမ် နှစ်ပါးကို ယခုတရားအားထုတ်ဆဲ အချိန်အခါ၌ မြတ်စွာဘုရားသခင်အား နိဗ္ဗာန်ကိုရည်မှန်း၍ လှူဒါန်းပါ၏ အရှင်မြတ်ဘုရား၊ အလှူခံတော်မူပါဘုရား။

## ၄။ သင့်ပွန်းချေပါ။

(က) (တပည့်တော်/တပည့်တော်မ)သည် အစမထင် ဘဝသံသရာအဆက်ဆက်မှ ယနေ့ ယခု ဤအချိန် တိုင်အောင် မသိသည့်အလျောက်၊ မလိမ္မာသည့် အလျောက် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ နှင့် ကျေးဇူးရှိခဲ့ဖူးသော သတ္တဝါအပေါင်းတို့အပြင် သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော သတ္တဝါ ဝေနေယျများအပေါ်တွင် ကာယကံ၊ ဝစီကံ၊ မနောကံ တို့ဖြင့် ပြစ်မှားမိခဲ့သည်များရှိပါက သည်းခံ ခွင့်လွှတ်ကြပါရန် အနူးအညွတ် ရှိခိုးကန်တော့၍ တောင်းပန်အပ်ပါသည် အရှင်မြတ်ဘုရား။

(ခ) အစမထင် ဘဝသံသရာအဆက်ဆက်မှ ယနေ့ ယခု ဤအချိန်တိုင်အောင် မသိသည့်အလျောက် မလိမ္မာ

သည့်အလျောက် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် အကျွန်ုပ်အပေါ်တွင် ပြစ်မှားမိခဲ့ကြသူများ ရှိပါက အကျွန်ုပ်အနေဖြင့် သည်းခံ ခွင့်လွှတ်ပါ၏၊ အာဃာတတရားများ မထားပါ အရှင်မြတ်ဘုရား။

၅။ ဆုတောင်းပါ။

အစမထင် ဘဝသံသရာအဆက်ဆက်မှ အကျွန်ုပ်ပြုလုပ်ခဲ့သော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အပေါင်းအစုတို့သည် ယနေ့ယခု ဤအချိန်အခါ ဤနေရာ၌ အကျွန်ုပ်ပြုလုပ်နေသော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်များဖြင့် ဆက်စပ်၍ ကောင်းကျိုးချမ်းသာ ဟူသမျှတို့သည် အလျှင်အမြန် အကျိုးပြု ဖြစ်ထွန်းပါစေသတည်း။

၆။ ကမ္မဋ္ဌာန်းတောင်းပါ။

မြတ်စွာဘုရားသခင်အား ရှိသေစွာ ရှိခိုးကန်တော့၍ တောင်းပန်အပ်ပါသည် အရှင်မြတ်ဘုရား။ (တပည့်တော်/တပည့်တော်မ)အား သင့်လျော်ထိုက်တန်သော ကမ္မဋ္ဌာန်းတရားများ ပေးသနား ချီးမြှင့်တော်မူပါ အရှင်မြတ်ဘုရား။

၇။ သစ္စာအဓိဋ္ဌာန်ပြုလုပ်ပါ။

(တစ်နေ့၊ တစ်ချိန်၊ တစ်ထိုင် ... စသည်)

(က) (တပည့်တော်/တပည့်တော်မ)သည် ယနေ့ ယခု ဤအချိန် ဤနေရာ၌ (ဂုဏ်တော်ပုတီး/အာနာပါန ကမ္မဋ္ဌာန်း စသည် မိမိအဓိဋ္ဌာန်ပြုလိုသည့်ကိစ္စကို ထည့်ဆိုရန်)ကို (ဥပုတ်၊ နာရီဝက်/တစ်နာရီ/တစ် ထိုင် စသည် မိမိအဓိဋ္ဌာန်ပြုလိုသည့် အရေအတွက်/ အချိန် စသည်ကို ထည့်ဆိုရန်) တိတိကျကျ မပျက် မကွက် မကျိုးမပေါက်စေဘဲ ကျင့်ကြံပွားများ အားထုတ်ပါမည်ဟူ၍ သစ္စာအဓိဋ္ဌာန်ပြုပါသည် အရှင်မြတ်ဘုရား။

(ခ) (တပည့်တော်/တပည့်တော်မ)သည် သရဏဂုံ ဖြစ် သော ဘုရားရတနာ၊ တရားရတနာ၊ သံဃာ ရတနာ မြတ်သုံးပါးတို့ကို အလေးအမြတ် မမှိတ်မသုန် ယုံကြည်မြတ်နိုးစွာဖြင့် ကိုးကွယ်ရာဟူ၍ ဆည်းကပ် ခြင်းသည် မှန်ကန်ပါ၏။

ဤသို့နှုတ်သံ ဖော်ထုတ်ပြန်၍ မှန်ကန်သော သစ္စာစကားကို ဆိုရပါသောကြောင့် (မိမိလိုရာ ဆုတောင်းပါ) ဆောလျင်စွာ ပြီးမြောက် အောင်မြင် ပါစေသတည်း။

မှတ်ချက်။

သရဏဂုံတင်ပြီး သစ္စာဆိုရာတွင် ဆိုသည့်သစ္စာအတိုင်း စိတ်ရောကိုယ်ပါ တိကျမှန်ကန်မှု ရှိနေစေရန်ကိုမူ အထူးသတိပြု လေ့ကျင့်ပေးပါ၊ သရဏဂုံ၏ အဓိပ္ပာယ်ကိုလည်းကောင်း၊ သရဏဂုံသည် ဤလောကအတွင်း၌ အခြေခံအကျဆုံး၊ တန်ခိုးအကြီးမားဆုံးနှင့် အင်အားအကြီးမားဆုံးဟူ၍လည်းကောင်း ပိုင်ပိုင်နိုင်နိုင် သိရှိသဘောပေါက်နေရန် လိုအပ်ပါသည်။ ဘုရားဂုဏ်တော်(၉)ပါး၊ တရားဂုဏ်တော်(၆)ပါး၊ သံဃာဂုဏ်တော်(၉)ပါးကို လေ့လာပါ၊ ကြည်ညိုပါ၊ အရကျက်ပါ။

ရတနာသုံးပါးကို (ယုံကြည်မြတ်နိုးစွာ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခြင်း)၏ အတိုင်းအတာအတိုင်း အကျိုးပေးမည်။ နည်းနည်းယုံကြည်လျှင် နည်းနည်းအကျိုးပေးမည်၊ များများယုံကြည်လျှင် များများ အကျိုးပေးမည်။ (သဒ္ဓါ ဝီရိယ သတိပြု)။

၈။ မိမိတရားအားထုတ်မှုကိစ္စပြီးလျှင် ဖြည့်စွက်မေတ္တာပို့ရန်။

"ဘုရားတပည့်တော်၏ ဘဝဘဝမှ ယနေ့ကျအောင်ပြုပြုသမျှ ကုသိုလ်အစုစုတို့ကို သုံးဆယ့်တစ်ဘုံ ကျင်လည်

ကြကုန်သော သုခိတသတ္တဝါ၊ ဒုက္ခိတသတ္တဝါအပေါင်းတို့အားလည်းကောင်း၊ အကျွန်ုပ်နှင့် ဘဝဘဝသံသရာမှ ယနေ့ကျအောင် တော်စပ်ခဲ့ဖူးသည့် ဘိုးဘွားဘီဘင်၊ အဘိုးအဘွား၊ မွေးသမိခင်၊ မွေးသဖခင်၊ ကျွေးသမိခင်၊ ကျွေးသဖခင်၊ ဆရာသမား၊ မိတ်ဆွေအပေါင်းနှင့် အစ်ကို၊ အစ်မ၊ ညီ၊ ညီမ၊ ပါရမီဖြည့်ဖက် သားသမီးနှင့် ဆွေတော်ရှစ်သောင်း၊ မျိုးတော်ပေါင်းတို့နှင့် ၎င်းတို့အား ထိန်းသိမ်းစောင့်ရှောက်ကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့အား လည်းကောင်း၊ အကျွန်ုပ်အား ကူညီစောင့်ရှောက်ကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့အားလည်းကောင်း၊ အကျွန်ုပ်နေထိုင်ရာပိုင်ဆိုင်ရာနေရာများ၌ ရှိနေကြကုန်သော ပုဂ္ဂိုလ်ဝေနေယျာတို့သည် လည်းကောင်း (အမျှ)[၃] ပေးဝေပါ၏"

"အမျှရကြ၍ ကိုယ်အရောင်အဝါ တောက်ပလျှက်ချမ်းသာကြပါစေ၊ ဘေးဘယာ ဝေးကွာကြပါစေ၊ နှလုံးစိတ်ဝမ်း ရွှင်လန်းကြပါစေ၊ ကောင်းရာသုဂတိသို့တက်လှမ်း နိုင်ကြပါစေ၊ တစ်ဦးအပေါ်တစ်ဦး ငြူဆူစောင်းမြောင်းခြင်းမှ ကင်းလွတ်ကြပါစေ၊ အကျွန်ုပ်နှင့်လက်တွဲ၍ မြတ်စွာဘုရား၏ သာသနာတော်ကို အတူတကွထမ်းဆောင်နိုင်ကြပါစေ ကုန်သတည်း။"

"အကျွန်ုပ်ပေးပို့သော မေတ္တာဘာဂကိုလည်း မသိမရှိကြပါစေနှင့်၊ မကြားမရှိကြပါစေနှင့်၊ မမြင်မရှိကြပါစေနှင့်၊ မရမရှိကြပါစေနှင့် အကျွန်ုပ်၏အပေါ် အသင်တို့ပေးပို့သော မေတ္တာကိုလည်း အကျွန်ုပ်က ကောင်းစွာဆောက်တည်ခံယူပါ၏၊ (သာဓု)[၃] ။

## ခုနစ်ဆူ ဘုရားရှိခိုး

### ဘုရားပင့်

အစိန္တေယျ အစိန္တေယျ အပ္ပမေယျ အပ္ပမေယျ အနန္တဇေယ္ယ, သေယ္ယ, အတုမရှိ အတိုင်းမသိသော ကျေးဇူးတော်ဂုဏ်တော်အပေါင်းတို့၏ တည်ရာ စုဝေးရာ ဖြစ်တော်မူပါပေသော မြတ်စွာဘုရား။

(၁) ဘုန်းတော်တွေအနန္တ ကံတော်တွေအနန္တ ဉာဏ်တော်တွေအနန္တ ပါရမီတော်တွေအနန္တ။ စကြာဝဠာ ကမ္ဘာမြေမိုးဖျန်းဖျန်းကျိုးမျှ တန်ခိုးတော်တွေအနန္တတို့နှင့် ပြည့်စုံတော်မူပါပေသော "အရှင်ဝိပဿီ" မြတ်စွာဘုရားကိုယ်တော်။

(၂) ဘုန်းတော်တွေအနန္တ ဂုဏ်တော်တွေအနန္တ ဉာဏ်တော်တွေအနန္တ ပါရမီတော်တွေအနန္တ။ စကြာဝဠာ ကမ္ဘာမြေမိုး ဖျန်းဖျန်းကျိုးမျှ တန်ခိုးတော်တွေအနန္တတို့နှင့် ပြည့်စုံတော်မူပါပေသော "အရှင်သိခီ" မြတ်စွာဘုရားကိုယ်တော်။

(၃) ဘုန်းတော်တွေအနန္တ ဂုဏ်တော်တွေအနန္တ ဉာဏ်တော်တွေအနန္တ ပါရမီတော်တွေအနန္တ။ စကြာဝဠာ ကမ္ဘာမြေမိုး ဖျန်းဖျန်းကျိုးမျှ တန်ခိုးတော်တွေအနန္တတို့နှင့် ပြည့်စုံတော်မူပါပေသော "အရှင်ဝေဿဘူ" မြတ်စွာဘုရားကိုယ်တော်။

(၄) ဘုန်းတော်တွေအနန္တ ဂုဏ်တော်တွေအနန္တ ဉာဏ်တော်တွေအနန္တ ပါရမီတော်တွေအနန္တ။ စကြာဝဠာ ကမ္ဘာမြေမိုး ဖျန်းဖျန်းကျိုးမျှ တန်ခိုးတော်တွေအနန္တတို့နှင့် ပြည့်စုံတော်မူပါပေသော "အရှင်ကကုသံ" မြတ်စွာဘုရားကိုယ်တော်။

(၅) ဘုန်းတော်တွေအနန္တ ဂုဏ်တော်တွေအနန္တ ဉာဏ်တော်တွေအနန္တ ပါရမီတော်တွေအနန္တ။ စကြာဝဠာ ကမ္ဘာမြေမိုး ဖျန်းဖျန်းကျိုးမျှ တန်ခိုးတော်တွေအနန္တတို့နှင့် ပြည့်စုံတော်မူပါပေသော "အရှင်ကောဏာဂုံ" မြတ်စွာဘုရားကိုယ်တော်။

(၆) ဘုန်းတော်တွေအနန္တ ဂုဏ်တော်တွေအနန္တ ဉာဏ်တော်တွေအနန္တ ပါရမီတော်တွေအနန္တ။ စကြာဝဠာ ကမ္ဘာမြေမိုး ဖျန်းဖျန်းကျိုးမျှ တန်ခိုးတော်တွေအနန္တတို့နှင့် ပြည့်စုံတော်မူပါပေသော "အရှင်ကဿပ" မြတ်စွာဘုရားကိုယ်တော်။

(၇) ဘုန်းတော်တွေအနန္တ ဂုဏ်တော်တွေအနန္တ ဉာဏ်တော်တွေအနန္တ ပါရမီတော်တွေအနန္တ။ စကြာဝဠာ ကမ္ဘာမြေမိုး ဖျန်းဖျန်းကျိုးမျှ တန်ခိုးတော်တွေအနန္တတို့နှင့် ပြည့်စုံတော်မူပါပေသော "အရှင်ဂေါတမ" မြတ်စွာဘုရားကိုယ်တော်။

ဤ ခုနစ်ဆူကုန်သော မြတ်စွာဘုရားအရှင်မြတ်ကြီး အပေါင်းတို့သည် ဘုရားတပည့်တော်၏ ဉကျောင်းထက်၌ ပလ္လင်တော်ပြု၍ အမြဲကိန်းဝပ် အရှည်တည်နေ ကြွရောက်စောင့်ရှောက်တော်မူကြပါစေ ကုန်သတည်း။

ဤ ခုနစ်ဆူကုန်သော မြတ်စွာဘုရားအရှင်မြတ်ကြီး အပေါင်းတို့သည် ဘုရားတပည့်တော်၏ ဝဲယာနှစ်ဘက် ပုခုံးထက်ထက်၌ ပလ္လင်တော်ပြု၍ အမြဲကိန်းဝပ် အရှည်တည်နေ ကြွရောက် စောင့်ရှောက်တော်မူကြပါစေ ကုန်သတည်း။

ဤ ခုနစ်ဆူကုန်သော မြတ်စွာဘုရားအရှင်မြတ်ကြီး အပေါင်းတို့သည် ဘုရားတပည့်တော်၏ အဆုတ် အသဲနှလုံး ထဲ၌ ပလ္လင်တော်ပြု၍ အမြဲကိန်းဝပ် အရှည်တည်နေ ကြွရောက် စောင့်ရှောက်တော်မူကြပါစေ ကုန်သတည်း။

ဘုန်းတော်တွေအနန္တ၊ ကံတော်တွေအနန္တ၊ ဉာဏ်တော် တွေအနန္တ၊ ပါရမီတော်တွေအနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖျန်းဖျန်းကျိုးမျှ တန်ခိုးတော်တွေအနန္တတို့နှင့် ပြည့်စုံတော် မူပါပေသော ဂင်္ဂါဝါဠူ သဲစုမက ပွင့်ကြသီးသီး အလုံးစုံ သော ဘုရားရှင်ကိုယ်တော်မြတ်ကြီး အပေါင်းတို့သည် ဘုရားတပည့်တော်၏ ကိုယ်ခန္ဓာ ပလ္လင်ပြု၍ အမြဲကိန်းဝပ် အရှည်တည်နေ ကြွရောက် စောင့်ရှောက်တော်မူကြပါစေ ကုန်သတည်း။

ဘုန်းတော်တွေအနန္တ၊ ကံတော်တွေအနန္တ၊ ဉာဏ်တော် တွေအနန္တ၊ ပါရမီတော်တွေအနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖျန်းဖျန်းကျိုးမျှ တန်ခိုးတော်တွေအနန္တတို့နှင့် ပြည့်စုံတော် မူပါပေသော နိဗ္ဗာန်ဘုံ၌ စံနေတော်မူကြကုန်ပြီးသော အဆူဆူသော ဓမ္မဝိဠာန် ဘုရားရှင်ကိုယ်တော်မြတ်ကြီး အပေါင်းတို့သည် ဘုရားတပည့်တော်၏ ကိုယ်ခန္ဓာပလ္လင်

တော်ပြု၍ အမြဲကိန်းဝပ် အရှည်တည်နေ ကြွရောက် စောင့်ရှောက်တော်မူကြပါစေ ကုန်သတည်း။

ဘုန်းတော်တွေအနန္တ၊ ကံတော်တွေအနန္တ၊ ဉာဏ်တော်တွေအနန္တ၊ ပါရမီတော်တွေအနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖျန်းဖျန်းကျိုးမျှ တန်ခိုးတော်တွေအနန္တတို့နှင့် ပြည့်စုံတော်မူပါပေသော ကမ္ဘာပေါင်း အသင်္ချေ၊ ကမ္ဘာပေါင်း အနန္တတို့က ပွင့်ကြသီးသီး အလုံးစုံသော ဘုရားရှင် ကိုယ်တော်မြတ်ကြီး အပေါင်းတို့သည် ဘုရားတပည့်တော်၏ ကိုယ်ခန္ဓာပလ္လင်တော်ပြု၍ အမြဲကိန်းဝပ် အရှည်တည်နေ ကြွရောက် စောင့်ရှောက်တော်မူကြပါစေ ကုန်သတည်း။

## မေတ္တာခံယူရန် ပါဠိအနက်

(၁) ဗုဒ္ဓဿ သိဝါပဟံ မေတ္တံ ဂဏှာမိ။
(၂) ဓမ္မဿ သိဝါပဟံ မေတ္တံ ဂဏှာမိ။
(၃) သံဃဿ သိဝါပဟံ မေတ္တံ ဂဏှာမိ။
(၄) မာတာပိဿ သိဝါပဟံ မေတ္တံ ဂဏှာမိ။
(၅) အာစရိယဿ သိဝါပဟံ မေတ္တံ ဂဏှာမိ။
(၆) သဗ္ဗသပ္ပုရိသဿ သိဝါပဟံ မေတ္တံ ဂဏှာမိ။
(၇) သဗ္ဗဒေဝီ ဒေဝတာနံ သိဝါပဟံ မေတ္တံ ဂဏှာမိ။

(၁) အဟံ-ရုပ်ခတ် နာမ်ခတ် ပရမတ်အစဉ် ခေါ်တွင် သမုတ် အကျွန်ုပ်သည်၊ ဗုဒ္ဓဿ-သစ္စာလေးရပ် တရားမြတ်ကို ပိုင်းခြားသိမြင် ဘုရားရှင်၏၊ သီဝံ-ချမ်းမြေ့ကြည် လှစွာသော၊ မေတ္တံ-သီတဂူမှ မကကြည်လင် မေတ္တာတော် မြတ်ရေအယဉ်ကို၊ ဂဏှာမိ-နေ့ရောညဉ့်ပါ ဘယ်ခါမပြတ် အထပ်ထပ် ခံယူပါ၏၊ မယှံ-အကျွန်ုပ်၏၊ မုဒ္ဓနိ-ထိပ်ထက်၌၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ ပဝဿတု-ကြင်နာမြတ်နိုး မေတ္တာမိုးဖြင့် သွန်းဖြိုးရွာချတော်မူပါစေသတည်း၊ မယှံ-အကျွန်ုပ်၏၊ အာယု-အသက်သည်၊ စီရံစီရကာလံ-ကြာမြင့်စွာသောကာလပတ်လုံး၊ တိဋ္ဌတု-အမြဲမသွေ မုချတည်ပါစေသတည်း။

(၂) အဟံ-ရုပ်ခတ် နာမ်ခတ် ပရမတ်အစဉ် ခေါ်တွင် သမုတ် အကျွန်ုပ်သည်၊ ဓမ္မဿ-မဂ်ဖိုလ်နိဗ္ဗာန်နှင့် တရားမှန်ဟု ဆယ်တန်ပိုင်းဖြတ် တရားတော်မြတ်၏၊ သီဝံ-ချမ်းမြေ့ကြည် လှစွာသော၊ မေတ္တံ-သီတဂူမှ မကကြည်လင် မေတ္တာတော် မြတ်ရေအယဉ်ကို၊ ဂဏှာမိ-နေ့ရောညဉ့်ပါ ဘယ်ခါမပြတ် အထပ်ထပ် ခံယူပါ၏၊ မယှံ-အကျွန်ုပ်၏၊ မုဒ္ဓနိ-ထိပ်ထက်၌၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ ပဝဿတု-ကြင်နာမြတ်နိုး မေတ္တာမိုးဖြင့်

သွန်းဖြိုးရွာချတော်မူပါစေသတည်း၊ မယုံ- အကျွန်ုပ်၏၊ အာယု-အသက်သည်၊ စီရံစီရကာလံ-ကြာမြင့် စွာသော ကာလပတ်လုံး၊ တိဋ္ဌတု-အမြဲမသေ မုချတည်ပါ စေသတည်း။

(၃) အဟံ-ရုပ်ခာတ် နာမ်ခာတ် ပရမတ်အစဉ် ခေါ်တွင် သမုတ် အကျွန်ုပ်သည်၊ သံဃဿ-မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက် ဟုဆိုအပ်သော ရှစ်ယောက်သော ပရမတ္ထသံဃာတော်မြတ်နှင့်တကွ သမုတိအကျော် သံဃာ တော်မြတ်အပေါင်းတို့၏၊ သီဝံ-ချမ်းမြေ့ကြည် လှစွာသော၊ မေတ္တံ-သီတဂုမျှ မကကြည်လင် မေတ္တာတော် မြတ်ရေ အယာဉ်ကို၊ ဂဏှာမိ-နေ့ရောညဉ့်ပါ ဘယ်ခါမပြတ် အထပ်ထပ် ခံယူပါ၏၊ မယုံ-အကျွန်ုပ်၏၊ မုဒ္ဓနိ-ထိပ်ထက် ၌၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ ပဝဿတု-ကြင်နာမြတ်နိုး မေတ္တာမိုးဖြင့် သွန်းဖြိုးရွာချတော်မူပါစေသတည်း၊ မယုံ- အကျွန်ုပ်၏၊ အာယု-အသက်သည်၊ စီရံစီရကာလံ-ကြာမြင့် စွာသောကာလပတ်လုံး၊ တိဋ္ဌတု-အမြဲမသေ မုချတည်ပါ စေသတည်း။

(၄) အပ်ံ-ရပ်ခွာတ် နာမ်ခွာတ် ပရမတ်အစဉ် ခေါ်တွင် သမုတ် အကျွန်ုပ်သည်၊ မာတာပိတာသ-ဘ၀ပေါင်း အနန္တ ဘ၀ပေါင်း အသင်္ချေက တော်စပ်ခဲ့သမျှသော မိခင် ဖခင် ကျေးဇူးရှင်တို့၏၊ သိ၀ံ-ချမ်းမြေ့ကြည် လှစွာသော၊ မေတ္တံ-သိတဂူမျှ မကကြည်လင် မေတ္တာတော် မြတ်ရေ အယာဉ်ကို၊ ဂဏှာမိ-နေ့ရောညဉ့်ပါ ဘယ်ခါမပြတ် အထပ်ထပ် ခံယူပါ၏၊ မယှံ-အကျွန်ုပ်၏၊ မုဒ္ဒနိ-ထိပ်ထက် ၌၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ ပ၀သတု-ကြင်နာမြတ်နိုး မေတ္တာမိုးဖြင့် သွန်းဖြိုးရွာချတော်မူပါစေသတည်း၊ မယှံ-အကျွန်ုပ်၏၊ အာယု-အသက်သည်၊ စိရံစိရကာလံ-ကြာမြင့် စွာသောကာလပတ်လုံး၊ တိဋ္ဌတု-အမြဲမသွေ မုချတည်ပါ စေသတည်း။

(၅) အပ်ံ-ရပ်ခွာတ် နာမ်ခွာတ် ပရမတ်အစဉ် ခေါ်တွင် သမုတ် အကျွန်ုပ်သည်၊ အာစရိယသ-ကမ္ဘာပေါင်းအနန္တ ကမ္ဘာပေါင်း အသင်္ချေက သင်ကြားပြသ ဆိုဆုံးမတော် မူကြကုန်သော ဆရာသခင် ကျေးဇူးရှင်များ အပေါင်းတို့၏၊ သိ၀ံ-ချမ်းမြေ့ကြည် လှစွာသော၊ မေတ္တံ-သိတဂူမျှ မကကြည်လင် မေတ္တာတော်မြတ်ရေအယာဉ်ကို၊ ဂဏှာမိ-နေ့ရောညဉ့်ပါ ဘယ်ခါမပြတ် အထပ်ထပ် ခံယူပါ၏၊

မယှံ-အကျွန်ုပ်၏၊ မုဒ္ဓနိ-ထိပ်ထက်၌၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ ပဝဿတု-ကြင်နာမြတ်နိုး မေတ္တာမိုးဖြင့် သွန်းဖြိုးရွာချတော်မူပါစေသတည်း၊ မယှံ- အကျွန်ုပ်၏၊ အာယု-အသက်သည်၊ စိရံစိရကာလံ-ကြာမြင့် စွာသောကာလပတ်လုံး၊ တိဋ္ဌတု-အမြဲမသွေ မုချတည်ပါစေသတည်း။

(၆) အဟံ-ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်အစဉ် ခေါ်တွင်သမုတ် အကျွန်ုပ်သည်၊ သဗ္ဗသပ္ပုရိသသ-ကမ္ဘာပေါ်တွင် ရှိရှိသမျှသော သူတော်ကောင်းအပေါင်းတို့၏၊ သီဝံ-ချမ်းမြေ့ကြည်လှစွာသော၊ မေတ္တံ-သီတဂူမျှ မကကြည်လင် မေတ္တာတော်မြတ်ရေအယာဉ်ကို၊ ဂဏှာမိ-နေ့ရောညဉ့်ပါ ဘယ်ခါမပြတ် အထပ်ထပ်ခံယူပါ၏၊ မယှံ-အကျွန်ုပ်၏၊ မုဒ္ဓနိ-ထိပ်ထက် ၌၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ ပဝဿတု-ကြင်နာမြတ်နိုး မေတ္တာမိုးဖြင့် သွန်းဖြိုးရွာချတော်မူပါစေသတည်း၊ မယှံ- အကျွန်ုပ်၏၊ အာယု-အသက်သည်၊ စိရံစိရကာလံ-ကြာမြင့် စွာသောကာလပတ်လုံး၊ တိဋ္ဌတု-အမြဲမသွေ မုချတည်ပါစေသတည်း။

(၇) အဟံ-ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်အစဉ် ခေါ်တွင်သမုတ် အကျွန်ုပ်သည်၊ သဗ္ဗဒေဝီဒေဝတာနံ-နတ်သားနတ်သမီးအပေါင်းတို့၏၊ သီဝံ-ချမ်းမြေ့ကြည်လှစွာသော၊

မေတ္တံ-သီတဂူမျှ မကကြည်လင် မေတ္တာတော်မြတ်ရေ အယာဉ်ကို၊ ဂဏှာမိ-နေ့ရောညဥ့်ပါ ဘယ်ခါမပြတ် အထပ်ထပ် ခံယူပါ၏၊ မယှံ-အကျွန်ုပ်၏၊ မုဒ္ဒနိ-ထိပ်ထက်၌၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ ပဝဿတု-ကြင်နာမြတ်နိုး မေတ္တာမိုးဖြင့် သွန်းဖြိုးရွာချတော်မူပါစေသတည်း၊ မယှံ-အကျွန်ုပ်၏၊ အာယု-အသက်သည်၊ စိရံစိရကာလံ-ကြာမြင့်စွာသောကာလပတ်လုံး၊ တိဋ္ဌတု-အမြဲမသွေ မုချတည်ပါစေသတည်း။

(မေတ္တာခံပါဠိ ၇-ပုဒ်ကို ပုတီး ၇-ပတ်စိပ်ပါလေ)

*မေတ္တာခံပါဠိအနက် ပြီး၏။*

## ပုဂ္ဂိုလ်သုံးဦး မေတ္တာပွားရန်

(၁) အဟံ-အကျွန်ုပ်သည်၊ အဝေရောစ-ရန်မရှိသည်ကိုလည်းကောင်း၊ အဗျာပဇ္ဈောစ-ကြောင့်ကြခြင်း တောင့်တခြင်း မရှိသည်ကိုလည်းကောင်း၊ အနီဃောစ-ကိုယ်စိတ်နှစ်ဖြာဆင်းရဲခြင်း ဘေးဒုက္ခမရှိသည်ကိုလည်းကောင်း၊ သုခီစ-ကိုယ်စိတ်နှစ်ဖြာ ဘယာမငြိ ချမ်းသာခြင်းရှိသည်ကိုလည်းကောင်း၊ အဿ-ဖြစ်ရလို၏၊ အဟာမေဝ ဇဝံ တထာ-ငါကဲ့သို့ပင်လျှင်၊ ဟိတကာမာ-ငါ၏အစီးအပွားကို

အလိုရှိကြကုန်သောသူတို့သည်လည်းကောင်း၊ မေ-ငါ၏၊ မေတ္တပ္ပဿာစ-မချစ်မမုန်းသင့်သော နှလုံးသွင်းရှိကြကုန်သော သူတို့သည်လည်းကောင်း၊ မေ-ငါ၏၊ ဝေရီနော်ပိစ-ရန်သူ တို့သည်လည်းကောင်း၊ အတ္တိသန္တိ-ရှိကြကုန်၏၊ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ သတ္တာ-ငါ့အား မုန်းသူချစ်သူ လစ်လျူရှုသူ ဤသုံးယောက်သောသူတို့သည် အဝေရာစ အချင်းချင်း ရန်မရှိကြကုန်သည်လည်းကောင်း၊ အဗျာပဇ္ဈာစ-ကြောင့်ကြခြင်း တောင့်တခြင်း မရှိကြကုန်သည်ကိုလည်းကောင်း၊ အနီဃာစ-စိတ်ဆင်းရဲခြင်းဘေးဒုက္ခ မရှိကြကုန်သည်ကိုလည်းကောင်း၊ သုခိစ-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်လည်းကောင်း၊ အသုဘာဝန္တု-ဖြစ်ကြပါစေကုန်သတည်း။

## ရာဇဂြိုဟ်ပုဂ္ဂိုလ်လေးပါးမှစ၍ အထက်ပေါက်ဆရာနှင့် ဆရာတော်ဘုရားကြီးများအား ပင့်ရန် ကန်တော့ရန် "ဆရာကန်တော့ခဏ်း"

ရာဇဂဟော တောင်ရန်ငါးလုံး ပိတ်ဖုံးမြိုင်မြိုင် ဂနိုင်ရစ်သန်း ရေယာဉ်စန်းတို့ဖြင့် ပျော်မြန်းဘွယ်မှု လူပေါင်းစုလျက် ရတုသုံးလီ ခါညီခြိမ့်ခြိမ့် တညိမ့်ညိမ့်နှင့် နှစ်သိမ့်

မနော အံ့ဩမကုန် ပြည့်စုံထိုထို ရာဇဂြိုဟ်ဟု နဂိုပညတ် ပြည်တော်မြတ်၌ စဏ္ဍာရော ပုဂ္ဂလော စ လေးဦးသော ပုဂ္ဂိုလ်ကျော် အရှင်မြတ်တို့သည်လည်းကောင်း၊ အသီတိသတ သဟာသသာစရိယာစ ရှစ်သောင်းကုန်သော ဆရာတော်သခင် အရှင်မြတ်ကြီးအပေါင်းတို့သည်လည်းကောင်း၊ အဋ္ဌာရသသ သိပ္ပေတိစ တစ်ဆယ့်ရှစ်ရပ်သော အတတ်ပညာကြီးတို့ကို လည်းကောင်း ဒသသသိဒ္ဓိယောစ ဆယ်ပါးသော သိဒ္ဓိကြီး တို့ကိုလည်းကောင်း ပဏ္ဍာ ရောက်တော်မူကြကုန်ပြီးသော အာစရိယာစ ဆရာတော်သခင် ကျေးဇူးရှင်ကြီးများ အပေါင်း တို့သည်လည်းကောင်း တေသံ ထိုဆရာတော် သခင် ကျေးဇူးရှင်ကြီးများ အပေါင်းတို့၏ သိဿာဒယောစ တပည့်အကြီး ရှင်မထီး ရှင်အဋ္ဌဂေါဏ မှေ့စေတီ ဘိုးမင်း ခေါင် ဘိုးဘိုးအောင် ရသေ့ ဆံရှည်ကိုယ်တော် ဦးမှေ့တရိ အစရှိကြကုန်သော တပည့်ကြီးငယ်အပေါင်းတို့သည်လည်း ကောင်း ဝိဇ္ဇာဓရာစ လှုဝိဇ္ဇာ နတ်ဝိဇ္ဇာ အင်းဝိဇ္ဇာ ဂါထာ ဝိဇ္ဇာ မန္တာန်ဝိဇ္ဇာ သံဝိဇ္ဇာ ပြဒါးဝိဇ္ဇာ ဓမဝိဇ္ဇာ ဂန္ဓာရီဝိဇ္ဇာ မဟာဂန္ဓာရီဝိဇ္ဇာ မဟိဒ္ဓိဝိဇ္ဇာ လောကီဝိဇ္ဇာ လောကုတ္တရာ ဝိဇ္ဇာ အရိယာဝိဇ္ဇာ မှေ့စေတီမင်း၊ သီလကြောင်မင်း၊ ပဒုသမ်ရာစ ရေတိမ်ဆရာတော် မယ်ခက်ဆရာတော် ဓဝဲတောင်ဆရာတော် ငွေသံကြားဆရာတော် မင်းကျောင်း

ဆရာတော် တောင်ဖီလာဆရာတော် တောင်လေးလုံးလေး ထပ်ဆရာတော် ဆံရှည်ကိုယ်တော် ရှာရှည်ကိုယ်တော် အထုပ်တရာကိုယ်တော် ရောင်ကိုယ်တော် ကျားကိုယ်တော် ဣန္ဒာသက္ကဆရာရသေ့ ဂေါဝိန္ဒရသေ့ ဒိဗ္ဗစက္ခုရသေ့ သံသိပ္ပါယဘွဲ့ခံ ဆရာရသေ့ ဝဏ္ဏလင်္ကာရရသေ့ မနောမယ သိဒ္ဓိရှင်။ ရေမရောပါတဲ့ကျောက်မြတ်သခင် ပဋ္ဌမ်ဘိုးဘိုး အောင် ဘိုးတော် ဘိုးမင်းခေါင် ဆရာကြီး ဦးခေါင် ဦးရဲသူ ဆရာဖြူ ဆရာငြိမ်း ဆရာကြီး ဦးနေထက် ဦးချမ်းလှိုင် ဗောဓိပင်ဆရာဆိုင် အောင်တော်မူ ဆရာထယ် ဦးမုတ်ဆိတ် ဆရာဝင်းကြီး အစရှိကြကုန်သော ဝိဇ္ဇာထိုရ် အမျိုးမျိုးတို့ သည်လည်းကောင်း ဗောဓိသတ္တောစ အရိမိတေယျ ဘုရား အလောင်းတော် နတ်မင်းကြီးသည်လည်းကောင်း သြဘာသ စရိယောစ ဆယ်ပါးသောသိဒ္ဓိကြီးတို့ကို ပြီးစီးအောင်မြင် သည်ဖြစ်၍ ဝိရိယမိက ဘုရားဆုကို ဖန်ယူတော်မူသော ဝိရိယမိကဘုရားအလောင်း ဖြစ်တော်မူပေသော စင်ထောင် ဆရာကြီး ဆရာကွန်း မင်္ဂလာရန်အောင် သိဒ္ဓိရန်အောင် ယက္ကန်းစင်တောင် ငါးမည်ရငါးဘွဲ့ခံ ဆရာတော် ဦးသြဘာသ ဆရာတော်သခင်ကျေးရွှေရှင်ကြီးသည် လည်းကောင်း ယက္ကကန်းစင်တောင် တိန္ဒာမေနေ ယက္ကန်း

စင်တောင်ဟု အမည်ရှိသော ဌာနေအရပ်၌ ဝသန္တော သီတင်းသုံးနေထိုင်တော်မူပေသော ဦးအာသဖေါနာမ ဦးအာသဖ ဟုအမည်ရှိတော်မူပေသော အာစရိယော ဖြဟ္မစိုရ်ကြီးလှသော ဆရာတော်ဘုရားကြီးသည်လည်းကောင်း ပုပ္ပါးတောင်တိနာမေန ပုပ္ပါးတောင်ဟု အမည်ရှိတော်မူသော ဌာနေအရပ်၌ ဝသန္တော သီတင်းသုံးတော်မူသော ဦးအာဒိစ္စောနာမ ဦးအာဒိစ္စဟု အမည်ရှိတော်မူပေသော အာစရိယော ပုပ္ပါးဆရာတော်ဘုရားကြီးသည်လည်းကောင်း၊ ဣမသ္မိံ ပစ္စုပ္ပန္နကာလေန ယခုပစ္စုပ္ပန်ကာလ၌ အမှာကံ အကျွန်ုပ်တို့အား မမွေန မမှားမစောင်း တရားကြောင်းတို့ဖြင့် ဩဝါဒေါ ဘုရားစစ်ဘုရားမှန် ဓမ္မဓိဋ္ဌာန် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို ထင်လင်းစွာ ဖူးတွေ့ရအောင် နည်းနာဆန်းကြယ် အသွယ်သွယ် အဝဝ ဆုံးမသင်ပြတော်မူရှာပေသော ဘဒ္ဒန္တ ဦးအဂ္ဂဝံသ စရိယောစ အရှင်ဣသိနာဂ ဣစ္ဆာသယ ဦးအဂ္ဂသ နာမမည်ခေါ် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားသည်လည်းကောင်း ဣမံဌာနံ ဤအရပ်ဒေသ ဤဌာနသို့ အာဂန္တွာ ကြွရောက်တော်မူကြပါကုန်လော အာဂန္တွာ ကြွလာတော်မူကြပြီး၍ မေဘုရားတပည့်တော်၏ သုအာသနေ ကြဲဖြန့်ပုံကာ ထုံနံ့သာ

ဖြင့် စုံစွာကြိုင်သင်း ပန်း ,ရေချမ်း ,ဆီမီးဖရောင်းတိုင် သီးမျိုးစုံကန်တော့ပွဲတို့ဖြင့် လှူခြင်းကျင်းပရာဖြစ်သော ဤနေရာ ဤဌာနသို့ တိဋ္ဌန္တု တပည့်တော်တို့ကို ငဲ့ညှာသနား သောအားဖြင့် တည်နေတန့်ရပ်တော်မူလှည့်ပါ ဆရာတော် သခင်ကျေးဇူးရှင်ကြီးများ အပေါင်းတို့ဘုရား အပံ ဖောင် တော်စကြာ ဆိုက်ရောက်လာက စီးရန်အသင့် မြော်လင့် ကာသာ နေရပါသော ဘုရားတပည့်တော်တို့သည် တုမှာကံ ဆရာတော်သခင် ကျေးဇူးရှင်ကြီးများအပေါင်းတို့၏ ပါဒေ ခြေတော်အစုံ ကြာပဒုံတို့ကို ဝန္ဒာမိ သုံးလည်စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်ဆွသဒ္ဓါ ရှိခိုးပါ၏။ ကန်တော့ ပါ၏။ ပူဇော်ပါ၏။ ဆရာတော်သခင် ကျေးဇူးရှင်ကြီးများ အပေါင်းတို့ဘုရား။ ဤသို့လျှင် ရှိခိုးပူဇော် ကန်တော့ရသော ကောင်းမှုကံ စေတနာတို့ကြောင့် တပည့်တစ်ဦး ရင်သားဦး ကဲ့သို့ ဆရာတော်ဘုရားကြီးများ၏ စိတ်တော်မှာ စွဲမှတ် တော်မူကြ၍ ပေါက်ရောက်အောင်မြင် သိဒ္ဓိလွှန်ကို လိုအင် ဆန္ဒ ပဟူသမျှနှင့် ဘယာကင်းပျောက် ဘေးမရောက်ရအောင် မနောဘုရား ဓမ္မဓိဋ္ဌာန်ဘုရား ဘုရားစစ် ဘုရားမှန် ကိုယ် တော်မြတ်ကြီးကို ထင်လင်းစွာ ဖူးတွေ့ရ၍ မဂ်ဆိုက် ဖိုလ် ဆိုက် အသေဓာတ်ဆိုက်၍ သုညတဓာတ်ကြီးကို ဆိုက်

ရောက်နိုင်အောင် စောင်မချီးမြှင့် ပေးသနားတော်မူပါ ဆရာတော်သခင် ကျေးဇူးရှင်ကြီးများအပေါင်းတို့ဘုရား အပဲ့ဘုရားတပည့်တော်သည် အဇ္ဈတ္တိ ကတွာ ယနေ့ကိုအစပြု၍ အတ္တာနံ မိမိကိုယ်ကို အာစရိယာနံ ဆရာတော်သခင် ကျေးဇူးရှင်ကြီးများ အပေါင်းတို့အား နိယာဒေမိ အပ်နှင်းပါ၏ မံ တပည့်တော်ကို အန္တေဝါသိကောတိ အတွင်းနေ တပည့်အရင်းဟူ၍ မာရေထ မှတ်တော်မူကြပါကုန်လော။ (ကန်တော့ပွဲနှင့် တပည့်အရင်းအမှတ် နှင်းအပ်ရပါသည်)

## စေတီတည်ခြင်း

ဘုရားစေတီ တည်မည်ဟူ၍ အရပ်ကိုမန်ပြီးသော် ထိုအရပ်ဝန်းကျင်၌ စောင့်ကုန်သော ရုက္ခစိုး၊ ဘုမ္မစိုး သာသနာစောင့်သော သမ္မာဒေဝနတ်တို့ကို ကုသိုလ်အဖို့ကို ဝေပြီးမှ ပန်းမန်ပေါက်ပေါက်တို့ဖြင့် ပူဇော်၍ စေတီရာကို အခါနေ့ရက်ကောင်းသည်နှင့် အညီအညွတ်ပြု၍ ပြီးလျှင် ပန္နက်သဲမချခင် ပန်းပေါက်ပေါက်တို့နှင့် ဘုမ္မစိုးနတ်တို့ကို ဤသို့ တိုင်ကြားရ၏။

ဥုံ နမော ပထဝီဗလသုန္ဒရီ၊
သဗ္ဗညုဗောဓိမဏ္ဍလံ။
အသချေယံ မာရကမ္မံ၊
ဇေယော ဇေယျတု ဘဝိဿာမိ။
ဘုမ္မိဒေဝီသွာဟာ။

ဤဂါထာဖြင့် သုံးကြိမ်ရွတ်ရမည်။

ဘောဘုမ္မာ-အိုမြေကြီး၌စောင့်ကုန်သော ဘုမ္မစိုးနတ်အပေါင်းတို့၊ မယံ-ငါတို့သည်၊ ဣဒါနိ-ယခုအခါ၌၊ သဂ္ဂမောက္ခနဗ္ဗာယ-နတ်ရွာနိဗ္ဗာန်ချမ်းသာ အကျိုးအလို့ငှာ၊ ဗုဒ္ဓသရီရစေတီယံ-မြတ်စွာဘုရား၏ ရုပ်တုတော် ဆင်းတုတော် မွေတော် ဓာတ်တော်မြတ်တို့၏၊ ဝိဟာရံ-ကိန်းအောင်းရာဖြစ်သော၊ ဣဒ္ဓစေတီယံ-အုတ်ရိုးကျောင်းတော် စေတီတော်မြတ်ကို၊ ကရိဿံ-တည်ထားပြုစုပါအံ့၊ တံပုညဖလံ-ထိုအကျွန်ုပ်ပြုစုလတ္တံ့သော၊ ပုညံ-ကောင်းမှုဒါန၏၊ ဖလံ-အကျိုးကို၊ ဘုမ္မာ-မြေ၌နေကုန်သော၊ ဒေဝါ-နတ်တို့သည်၊ သမံ-အမျှ၊ လဗ္ဘန္တု-ရစေသတည်း၊ ဣမံဒိသံ-ဤအရပ်၌၊ ဒေဝါ-ဘုမ္မစိုးနတ်တို့၏၊ ဝိမာနံ-ဗိမာန်တို့သည်၊ စေဂစ္ဆတိ-အကယ်၍ရှိပါငြားအံ့၊ ပရံပရေ-တစ်ပါးပါးသော၊ ဒိသေ-အရပ်သို့၊ တိဋ္ဌတု-ပြောင်း၍တည်ကုန်သတည်း၊ ဣတိ-

ဤသို့၊ ယာစာမိ-တောင်းပန်ပါ၏၊ ဤသို့ဆို၍ တောင်းပန်ပြီးသော် ကြိုးတန်းချ၍ ပန္နက်သဲကိုတည့်တည့်၊ တို့ရှည်မပြုရာ၊ အရင်းအဖျား မမှားစေရာ၊ အရင်းကမှန်စွာစိုက်လေ။

စေတီဖိနပ်တော်နှစ်ဖက်ကိုပေါင်း၍ တောင်ကိုဖွဲ့ပြီးမှ ၃ မိုက်နှင့်မြှောက်၊ ရှစ်လက်သစ်နှင့်စား၊ ရဟန်းပုဏ္ဏားတို့မှာ ၂ ခု၊ ၄ ခုကြွင်းကိုထား၊ ဆင်းရဲသားတို့မှာ ၅ ခုကြွင်းကိုထား၊ အသုန်း ၃ ပါးကို ရှောင်ကုန်ရာ၏။ သုံးပါးဟူသော်ကား အသုန်းကိုလည်းမထားရာ၊ ၃ ခုကြွင်းကိုလည်းမထားရာ၊ ပန်းလည်တိုင်လည်း အသုံးမထားရာ။ ဖိနပ်တော်မှာ ရှစ်ခုစား၊ ပန်းလည်တိုင်မှာ ၇ ခုနှင့်စားသောကြောင့် ၇ မိုက်မထားရာဟူသတည်း။ ။ အလယ်ဥဒပနှာတိုက်ကိုလည်း ဖိနပ်တော်ကဲ့သို့ နှစ်ဘက်ကို ရှစ်ခုနှင့်စား၍ ၅ ခုကြွင်းထားရာသည်။ အလယ်ဥဒပနှာတွင်းကာ ရဟန်းပုဏ္ဏား မင်းကောင်းမှုတို့မှာ ၇ မိုက်တူးရမည်။ ဆင်းရဲသားတို့မှာ ၅ မိုက်တူးရမည်။ ဤကား သမ္မတိမြေတွင်း အနက်တည်း။

## ဗျာပနာသွင်းခြင်း

**မဟာဗောဓိပင်ချုပ်**

၇ ဗျာနသွင်းခြင်းသည်ကား

ဖလံနိဗ္ဗာနံစ သေဋ္ဌံ။

သေဝမာနော ရသုတ္တမံ။

ဗောဓိမူလေ ဝသိသတ္တ၊

ဒိဝသာနိ ဝိနာယကော။

တတောဂတေန မဟာနုဘာဝေါ။

ယံကိဋ္ဌိသတ္တရတနံ။

တကျာနံ ဇေယျာဇေယျတု ဇေယျမင်္ဂလံ။

ဖလနိဗ္ဗာနံစ-အရဟတ္တဖိုလ်နိဗ္ဗာန်ဖြစ်သော။ ရသုတ္တမံ-အရသာအမြတ်လည်းဖြစ်ထသော၊ သေဋ္ဌံ-နိဗ္ဗာန်ချမ်းသာမြတ်ကို၊ သေဝမာနော-ခံစားတော်မူလျက်၊ ဗောဓိမူလေ-ညောင်ပင်ရင်း၌၊ သတ္တဒိဝသာနိ-ခုနစ်ရက်ပတ်လုံး၊ ဝိနာယကော-လူနတ်ဗြဟ္မာတို့၏ ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရားသည်၊ ဝသိ-နေတော်မူ၏၊ တတောဂတေန-ထိုသို့ခုနစ်ရက်ပတ်လုံးနေတော်မူသော မြတ်စွာဘုရားသည၊ မဟာနုဘာဝေါ-ကြီးစွာသောတန်ခိုးအာနုဘော်ဖြင့်၊ ယံကိစ္စသတ္တရတနံ-အကြင်ခပ်သိမ်းကုန်သော ရတနာတို့ဖြင့်၊

တဏှာခ်-ရန်သူအပေါင်းတို့ကို၊ ဓေယျောဓေယျတု-အောင်အပ်သည်ဖြစ်သော၊ ဓေယျမင်္ဂလံ-အောင်အပ်သောမင်္ဂလာသည်၊ ဘဝန္တု-ဖြစ်စေကုန်သတည်း။ ။ ဤဂါထာဖြင့် ဗောဓိပင်ကို အလယ်ချရမည်။

**အနိမိသချပုံ**

သတ္တာဟံ ဋ္ဌိတကော ဗုဒ္ဓေါ။
ညာပေတုံစ ကတညုတံ။
ဗောဓိံ အနိမိသ စက္ခုပဟိ၊
သမ္မာ ပူဇေသိ ပူဇေယံ။
တထာဂတေန မဟာနုဘာဝေါ။
ယံကိဋ္ဌိသတ္တရတနံ။
တဏှာခံ ဓေယျောဓေယျတု ဓေယျမင်္ဂလံ။

ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ သတ္တာဟံ-ခုနစ်ရက်ပတ်လုံး၊ ဋ္ဌိတကော-ရပ်တော်မူလျက်၊ ကတညုတံ-ကျေးဇူးတော်ရှိသောအဖြစ်ကို၊ ညာပေတုံ-သိစိမ့်သောငှာ၊ ဗောဓိံ-ဗောဓိညောင်ဗုဒ္ဓဟောပင်ကို၊ အနိမိသစက္ခုပဟိ-မမိုတ်သောမျက်စိတော်တို့ဖြင့်၊ သမ္မာ-ကောင်းစွာ၊ ပူဇယံ-ပူဇော်အပ်သည်ဖြစ်၍၊ ပူဇေသိ-ပူဇော်တော်မူ၏၊ ဤဂါထာဖြင့် ရွတ်၍ အနိမိသကို ဗောဓိပင်အရှေ့မြောက်

အရပ်၌ ဗောဓိပင်ကိုရှေ့ရှုလျက် အနောက်တောင်သို့ မျက်နှာပြု၍ ချရမည်။

ရတနာစကြာချပုံ

ဝိမုတ္တိဇံ သုခံ ဝိန္ဒံ၊ ပရိပုဏ္ဏမနောရထော။
စင်္ကမေ စင်္ကမိ ဗုဒ္ဓေါ၊ သတ္တာဟံ ရတနမယေ။
တထာဂတေန မဟာနုဘာဝေါ။
ယံကိဉ္စိသတ္တရတနံ။
တဏှာနံ ဇေယျောဇေယျတု ဇေယျမင်္ဂလံ။

ဝိမုတ္တိဇံ-မင်္ဂဖိုလ်ကြောင့်ဖြစ်ထသော၊ သုခံ-ချမ်းသာခြင်းကို၊ ဝိန္ဒံ-ရသည်ဖြစ်၍၊ ပရိပုဏ္ဏမနောရထော-ပြည့်စုံသောနှလုံးတော်မြတ်လည်းရှိထသော၊ ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ သတ္တာဟံ-ခုနစ်ရက်ပတ်လုံး၊ ရတနမယေ-ရတနာခုနစ်ပါးတို့ဖြင့်ပြည့်စုံထသော၊ စင်္ကမေ-စင်္ကြံ၌၊ စင်္ကမိ-စင်္ကြံကြွတော်မူ၏။

ဤဂါထာဖြင့်ရွတ်၍ စင်္ကြံကို ဗောဓိပင်မြောက်အရပ်၌ အရှေ့မျက်နှာပြု၍ ချလေ။

ရတနာဃရရွှေအိမ်ချပုံ

နိသိန္နော ဘဂဝါ ရမ္မေ၊ မန္ဒိရေ ရတနမ္ဘလေ။
သတ္တာဟံ သမ္မသိ သမ္မာ၊ ဓမ္မဓာတုံ အနုတ္တရံ။

တထာဂတေန မဟာနုဘာဝေါ။

ယံကိဉ္စိသတ္တရတနံ။

တဏှာနံ ဇေယျောဇေယျတု ဇေယျမင်္ဂလံ။

ဘဂဝါ-ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်၊ ရတနဒ္ဓလေ-ရတနာခုနစ်ပါးတို့ဖြင့် ဆန်းကြယ်တောက်ပသထော၊ ရမ္မေ-နှလုံးမွေ့လျော်ဖွယ် လည်းရှိထသော၊ မန္ဒိရေ-ရတနာဃယအမည်ရှိသော ရွှေအိမ်၌၊ သတ္တာဟံ-ခုနစ်ရက်ပတ်လုံး၊ နိသိန္နော-နေတော်မူလျက်၊ အနုတ္တရံ-အတုမရှိသော၊ ဓမ္မတော-တရား သဘောကို၊ သမ္မာ-ကောင်းစွာ၊ သမ္မသိ-သုံးသပ်တော် မူပေ၏။

ဤဂါထာဖြင့်ရွတ်၍ ရတနာဃရရွှေအိမ်ကို ဗောဓိပင် အနောက်မြောက်ထောင့်၌ အရှေ့သို့မျက်နှာပြု၍ ချလေ။

**အဇပါလညောင်ပင်ချပုံ**

သံကောစိဓိတာ မာရဓီတ္တ၊ ခုမ္ဘုဇဝန် ဘုသံ။

သတ္တာဟံ အဇပါလဿ၊ မူလေန ဗုဒ္ဓောရဝိဝသိ။

တထာဂတေန မဟာနုဘာဝေါ။

ယံကိဉ္စိသတ္တရတနံ။

တဏှာနံ ဇေယျောဇေယျတု ဇေယျမင်္ဂလံ။

မာရိဒ္ဓိ-မာရ်နတ်သား၏ တံခိုးဟူသောရေသည်၊ မုခမ္ဗုဇဝန်-မျက်နှာတော်တည်းဟူသော ကြာတောကို၊ ဘုသံ-လွန်စွာ၊ သံကောစိဖိတာ-ချမ်းမြေ့စေတော်မူတတ်၏၊ သတ္တာဟံ-ခုနစ်ရက်ပတ်လုံး၊ အဇပါလဿ-ဆိတ်ကျောင်းသားတို့စိုက်အပ်သောညောင်ပင်၏၊ မူလေ-အရင်း၌၊ ဗုဒ္ဓေါ ရဝိ-ဘုရားတည်းဟူသောနေမင်းသည်၊ ဝသိ-နေတော်မူပြီ။

ဤဂါထာကိုရွတ်၍ အဇပါလညောင်ပင်ကို ဗောဓိပင် အရှေ့ရှုးရှုး၌ အရှေ့မျက်နှာပြု၍ချလေ။

**မုစလိန္ဒနဂါးရုံချုပ်**

သတ္တာဟံ၊ မုစလိန္ဒဿ၊ ဖဏိနောဘာဂမန္ဒိရေ။
ဝသိ သတ္တာ မဟာဝီရော၊ တဒနုဂ္ဂဟာဝုဒ္ဓိယာ။
တထာဂတေန မဟာနုဘာဝေါ။
ယံကိဠိသတ္တရတနံ။
တဏှာနံ ဇေယျောဇေယျတု ဇေယျမင်္ဂလံ။

